မဂ်ဂေပါက်-ဗိုလ်စဝင်

# နိဗ္ဗာန်မြင်-ဉာဏ်လေယာဉ်

တရားစာ

---

၁၉၃၉ ခု၊ နိုဝင်ဘာလ။

# မဂ်ပေါက် – ဖိုလ်ဝင်

# နိဗ္ဗာန်မြင် – ဉာဏ်လေယာဉ်

## တရားစာ

လင်းရောင်ခြည်ပုံနှိပ်တိုက်

အမှတ် ၁၇-၁၂၄-လမ်း၊

ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ

ပုံနှိပ်ထုတ်ဝေခွင့်အမှတ်

(၃၆၅၂)

---

ထုတ်ဝေသူမှတ်ပုံတင်

ကင်းလွတ်ခွင့်အမှတ်

(၀၁၀၃၃)

---

ဒုတိယနှိပ်ခြင်း

(အုပ်ရေ - ၅၀၀၀)

ထုတ်ဝေသူ-

ဝိမုတ္တိဉာဏဒဿန-အဖွဲ့ (ဥက္ကဋ္ဌ)
ဦးမြ (ကင်းလွတ်ခွင့် ၀၁၀၃၃)
အမှတ် ၂- ၁၂၄-လမ်း၊
ရန်ကုန်မြို့။

---

ပုံနှိပ်သူ-

ဒေါ်မြ (မြဲ-၀၁၄၄၂)
အမှတ် ၁၇-၁၂၄-လမ်း၊
ရန်ကုန်မြို့။

ကျောက်ဆည်မြို့

## ကျောက်သဘော် ဆရာတော်ဘုရားကြီး၏

ဒုတိယဩဝါဒ မိန့်ခွန်း

**စည်းမျဉ်း (၁၀) ချက်**

၁။ အကျိုးရှိ အပြစ်ကင်းသော တရား စကားများကိုသာ ဟောကြားကြရန်။

၂။ တရားဟောကြလျှင် ပိဋကတ်တော်နှင့် ရှေးဆရာတော် ဘုရားကြီးများ ရေးသားသော ဒီပနီကျမ်းများကို ညှိနှိုင်းပြီး ဟောကြားကြရန်။

၃။ ဒါန၊ သီလ၊ ဘာဝနာတရားများကို (ဝိဝဋ္ဋနိဿိတ) ခေါ် ဝဋ္ဋမှလွတ်နည်း နိဿျည်းကိုသိပြီးမှ ပြေလည်စွာဟောကြားကြရန်။

၄။ အနန္တငါးပါးနှင့် အခြားဂိုဏ်းဂဏများကို မထိခိုက်စေဘဲ ဟောကြားကြရန်။

၅။ တရားတော်ကို ဟောကြားကြလျှင် (အတ္တုက္ကံသန) နှင့် (ပရဝမ္ဘန) ခေါ် မိမိကိုယ်ကိုမြှင့်တင်ပြီး သူတပါးကိုနှိမ့်ချခြင်းအမှုတို့ကို ရှောင်ရှားပြီး တရားကို တရားအတိုင်း ဟောကြားကြရန်။

၆။ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ-သုံးပါးကို ဟောပြော ကြသည့်အတိုင်း မိမိကလည်း ကျင့်သုံးကြပါရန်။
၇။ တရားတော်ကို နာကြားလိုသူများအား မေတ္တာရှေ့ထားပြီး သိမြင်သွားအောင် အားပေးတိုက်တွန်း ဟောကြားကြရန်။
၈။ တရားဟောနေပါလျှင် ရှိသေလေးစားစွာနာယူကြရန်။
၉။ တရားတော်ကို ဆွေးနွေးကြပါလျှင် (အတိမါဝ) နှင့် (ဩဟိယ)ခေါ် အယူလွန်မှု ယုတ်မှုမပါကြစေဘဲ မဇ္ဈိမ ပဋိပဒါကျအောင် ဆွေးနွေး နှိုးနှော်ကြရန်။
၁၀။ ဝိမုတ္တိခေါ် လွတ်မြောက်ရေးတရားနှင့် ဆန့်ကျင်သော စကားများကို ရှောင်ကြဉ်ကြရန်။

ဤဆယ်တန်သော ဩဝါဒဖြင့် ဝေးနေ တပည့်အပေါင်းတို့အား ဒုတိယအကြိမ်မြောက် သတိပေးဆုံးမခြင်းအမှုပြုလိုက်ပါသည်။

၁၃၂၈-ခု၊ ပြာသိုလဆန်း ၅ ရက်၊
တနင်္ဂနွေနေ့(၁၅-၁-၆၇)

မှတ်ချက်။ (ကျေးဇူးရှင် ကျောက်သဘော် ဆရာတော်ဘုရားကြီး၏ အထက်ပါ နေ့စွဲဖြင့် နောက်ဆုံးမိန့်မှာခဲ့သောမိန့်ခွန်းတော်ကို တပည့်သာဝကများ လိုက်နာမှတ်သားနိုင်ရန် ဗဟိုရိဝိမုတ္တိ ဥဿာဒဿနအဖွဲ့ကြီးမှကြီးမှူးထုတ်ဝေသည်။

ရေးသူ

# ကျမ်း၏ဂုဏ်းထူး- ချီးကျူးအံ့သွယ် ဆုံးနိုင်ဘွယ်

နေပူပူ ခရီးသွားများကို မှီခိုရာအရိပ်သည် စောင့်စားသကဲ့သို့ရင်း၊ ရေလယ်မျှောပါး ရေနစ်မည့်သူများအား ကမ်းပါးသည်ကယ်တင်ရန် အသင့်ရှိသကဲ့သို့ရင်း၊ ဆာလောင် မွတ်သိပ်သဖြင့် ငိုကြွေးနေသော ကလေးငယ်အား မိခင်သည် နို့ချိုတိုက်ကျွေးရန် အသင့်ရှိသကဲ့သို့ရင်း၊ သံသရာဝဋ္ဋတည်းဟူသော နေပူမှာကျင်လည်ကျက်စား ဝေနေယျ ခရီးသွား များနှင့် ဇာတိစသော ဒုက္ခပင်လယ်မှာ ထက်အောက်စုံဆန် ပြန်လှန်မျှောပါး ဒုက္ခိတရေနစ်သူများအပြင် ဝိမုတ္တိရသခေါ် နိဗ္ဗာန်ချမ်းသာအရသာကို အခါခါစားမျိုလိုကြကုန်သော များထိုထို သုံးဘုံသားတို့အား၊ နိဗ္ဗာန်ကိုမြင်၊ ဉာဏ်လေယာဉ်ခေါ် ဤကျမ်းတွင်ရှိ အချက်အလက်တို့က ကယ်ဘင်ပိုက်ထွေး ဝိမုတ္တိရသကို တိုက်ကျွေးရန်အတွက်၊ သင့်လျော်သော အချက်တွေနှင့် အကွက်ညီညီအဆင့် မြင့်မြင့် ဂုဏ်ရောင်ဝင့်လျက်ရှိတော့၏၊ ထို့ကြောင့် ဤကျမ်း၏ ဂုဏ်အထူးကို ချီးကျူး၍ ကုန်ဆုံးနိုင်တော့မည် မဟုတ်ပေ။

စာအုပ်တည်ထွင် မြတ်အရှင် ခေါ်တွင်ပဏ္ဍိတ ဦးပညာစက္က နှင့် ဦးနန္ဒိယ ထိုအရှင်နှစ်ပါးတို့သည် ဤကျမ်းကိုပြုစုရေးသား ရာ၌ သုတခေါ်အကြားဖြင့် မဟုတ်ဘဲ ဒိဋ္ဌမုတခေါ် ကိုယ်တိုင် ကိုယ်ကျ၊ တွေ့မြင်လေ့လာစမ်းသပ်ပြီးခါမှ ရရှိနားလည်လာ သော ယထာဘူတသဘာဝတို့ကို အာဂမမဘက် မာဂဓမစွက် ဘဲ အချက်ထိထိ အတ္တနောမတိဖြင့် အကွက်မိအောင် ရေးသား ထားသဖြင့်၊ ပါဠိမထင် ပါဌ်ဆင့်မတတ်ကြသော ဓမ္မသင်္ဂဟ ကလျာဏဝင် သူတော်စင်တို့အတွက် လေးနက် ထင်ရှားသော အဓိပ္ပါယ်များကို ထမင်းချက်ရင်း - ရေခပ်ရင်းကြည့်ရှုမှတ်သား နိုင်သဖြင့် ဤကျမ်းကို ပြုစုသောအရှင်တို့သည် ပညာရှိအများ တွင် ထူးခြားသောအရှင်များ ဖြစ်တော့သည်။

နိဂုံးကျဉ်းချုပ် ဓိပ္ပါယ်အုတ်တော့
'နိဗ္ဗာန်ကိုမြင်-ဉာဏ်လေယာဉ်'ခေါ်

ဤကျမ်းကို လူ၊ ရှင်၊ ရဟန်းမှန်သမျှ လှည်းနေလှေအောင်း မြင်းစောင်းမကျန် အိပ်ဆောင်အဖြစ်နှင့် အမြဲမပြတ် လေ့လာ အပ်ပေသည်၊ လေ့လာပြီး မေးမြန်း၊ မေးမြန်းတော့အမှန်သိ၊ အမှန်သိတော့ အမိဖမ်း၊ အမိဖမ်းလျှင် မဂ်နန်းဆိုတာ တယ်မ ဝေးပါဘူး၊ ဤစာအုပ်ငယ်ကို လေ့လာရုံမျှဖြင့် အလွယ်ကလေး ရနိုင်မည်ဖြစ်ကြောင်း စေတနာ ကောင်းဖြင့် ထပ်လောင်း၍ တိုက်တွန်းနှိုးဆော်လိုက်ရပေသတည်း။

# အချီးနိဒါန်း

## (ဥယျောဇန ဂါထာ)

ဥဘာယာနာတိ ဂန္တွေန၊
အသင်္ခတံ သုအာသိတံ၊
ဂမ္ဘီရတ္ထံ သုခေနေ၀၊
ပသောယျာထ ဒိနေဒိနေ။

ဘောဂန္တွာ၊ သံသရာစက် ဝဲဂယက်လှိုင်း ပင်လယ်ကြမ်းမှ၊ လှုက်လှမ်းခေါ်ငင်၊ သင်္ဘောယာဉ်နှင့် ထိုဘွင်ခေါင်ဦး မာလိမ်မှူးကို စိတ်ကူးမှန်းဆ မျှော်တမ်းတကြကုန်သော(ဝါ)ဝိပဿနာနည်းမှန် လမ်းမှန် စခမ်းမှန်ကို ရှာကြံလိုကြကုန်သော ဝေနေယျအပေါင်း သူတော်ကောင်းတို့၊ဝေါ-တုမ္မာကံ၊ သံသရာတခွင် ရေပြင်ကျယ်တွင်၊ ပင်လယ်ဗွက်ကြမ်း ဝဋ်စခန်းမှ မဂ်နန်းဖိုလ်ဝင်သင်္ဘောယာဉ်ကို မျှော်လင့်စောင့်စား သင်ခမ္မမိတ်ဆွေ အများတို့အား ဥဘာယာနာတိဂန္တွေန၊ မင်းလှွင်မြူခိုး မိုးတိမ်မျိုးကို ထုတ်လျှိုးထွင်းဖေါက် လိုရာရောက်အောင်၊ ဝင်ရောက်ပြေးသွားသော ဂြိုဟ်တုလားဟန်ကဲ့သဏ္ဍာန်သို့၊ပမာမခြားထိုးဖေါက်သွားသည့် အများမျက်လည် သင်္ခတနယ်မှ အသင်္ခတနယ်စခန်းကျယ်ကို သယ်ယူဆောင်မြန်း ဥဘက်လေယာဉ်တည်းဟူသော ဤကျမ်းဖြင့် အသင်္ခတံ၊ ကံ-စိတ်-ဥ-ဟာ။ ကြောင်းလေးဖြာတို့ ပေါက်

ကာစုစပ် မပြုအပ်ရာအသင်္ခတ သာစွာ့နိုင်ငံ၊ မြတ်နိဗ္ဗာန်ကို၊
သုအသိတံ၊ ဝိပဿနာယာဉ်စကြာဖြင့် ဝိမုတ္တိစခန်း နိဗ္ဗာန်နန်း
ကို၊ လက်လှမ်းမှီရောက်၊ မဂ်ဉာဏ်ပေါက်အောင်၊ နည်းထောက်
လျှန်းလျှန်း အခဏ်းခဏ်းဖြင့် ရည်မှန်းတွေးခေါ်၊ သိစေသော်ဟု
ကောင်းစွာမသွေ ပြုတော်မူအပ်ပါပေ၏။ ဂမ္ဘီရတ္တံ၊ နက်နဲနူးညံ့
သိမ်မွေ့လှစွာသော ဂမ္ဘီရတ္တာကြောင့် လက်မှိုင်ပန်းလျ သုမိတ္တာတို့၊
စိတ်ကထင်စွဲ အလွန်နက်နဲသော သဘောအဓိပ္ပါယ်ကို၊ သုခေ
နေဝ၊ ဉာဏ်အမှုန်လင်း ရန်ဟုန်ရှင်း၍၊ ဘင်လင်းညင်သာ လွယ်
ကူစွာသာလျှင် ဒိနေဒိနေ၊ စက္ကန့်မိနစ် တီးလစ်နာရီ ခါမှီမဆိုင်း
နေ့ရှိဘိုင်း နေ့ရှိတိုင်း၊ ပဿေယျာထ၊ သံသရာဝဋ္ဋအတွင်းမှ လွတ်
ကင်းရာ နိဗ္ဗာန်နန်းဆီသို့ မျှော်မှန်းခါ ဉာဏ်သဘောဖြင့်၊ ဝင့်
ကြွားခါ အသာနားရအောင် တရားဘာဝနာ ရှုစားလိုက်ကြပါ
ကုန်လော့။

(ပုံ) အရှင်ကောဝိဒ

စာချမဟာစရိယ

မော်လမြိုင်မြို့။

ကျောက်ဆည်မြို့ ကျောက်သဘော်ဆရာတော်၏-တပည့်

ရွှေဘိုခရိုင်-တန့်ဆည်မြို့နယ်

**ဦးနန္ဒိယအရှင်**

ရေးသားစီရင်သော

# နိဗ္ဗာန်ကိုမြင် ဉာဏ်လေယာဉ်

ယခုရေးလိုက်သော စာအုပ်ငယ်သည် စာမတတ်သူပါ အများနားလည်ရန် ဗမာပြန်သက်သက် နိဗ္ဗာန်ကို မျက်မှောက်ပြုရေးအတွက် ရေးသားထားသော စာအုပ်ငယ်ဖြစ်ပါသည်။

## စိရံ တိဋ္ဌတု သဒ္ဓမ္မော



နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## နိဗ္ဗာန်ကိုမြင်-ဉာဏ်လေယာဉ်တရားစာ

ကိုင်းကိုင်း တရားတကွင်း စာဘတ်သူဉာဏ်မြင်ရှင်းအောင်ရေးပြီး စာဘတ်နေသော ယောဂီတရားကို သဘောမမှီတိုင်း တွေးလာခဲ့တာ ကြာပြီမဟုတ်လား၊ (သတိပြု)သတိပြုတာက (သတိတရားခေါ်တယ်) တရားကိုတွေးတော့ ဘာနဲ့ ယူတွေးသလဲ မနောစိတ်နဲ့ တွေးတာမှန်ပါတယ်၊ အဲဒီတွေးဆဲ၌ တွေးတဲ့စိတ်တရားပြင်မှ တွေးနေတဲ့လူ သူ-ငါ-ယောကျ်ား မိန်းမတွေးနေတဲ့စိတ်တရားထဲပါသလား၊ မပါတာမှန်ပါတယ်၊ သူငါမပါတော့ တွေးနေတဲ့ စိတ်တရားသက်သက်ဖြစ်ပြီး ပျက်သွားတာမှန်ပါတယ်၊ ယောဂီစိတ်အလုပ်တခုနှင့် ဘယ်တရားကိုသိချင်လို့ တွေးသလဲ၊ မမြဲတဲ့တရားကိုသိချင်လို့ တွေးသလား၊ သို့မဟုတ် ဆင်းရဲတဲ့တရားကိုသိချင်လို့ တွေးသလား၊ ငါမဟုတ်တဲ့ အနတ္တတရားကိုသိချင်လို့ တွေးသလား၊ တွေးဆဲ၌ တွေးစိတ်သည်သူငါမဟုတ်လို့ အတ္တကွာပြီး အနတ္တစိတ်တရားမဟုတ်လား၊သည်ကဲ့သို့တွေး

စိတ်ဖြစ်ပြီး မြဲမနေနိုင်လို့ မမြဲတဲ့တရားပေါ့၊ တွေးစိတ်တွေ ဖန်တလဲလဲဖြစ်နေလို့ ဒုက္ခပေါ့(ယောဂီသတိပြု)ဘာဘဲတွေးတွေး တွေးစိတ်သည် တွေးပြီးသားအနေနဲ့ မရှိနှင့်ပါဘူး၊ စိတ်အား စိုက်မှ စိတ်တွေးမှုတွေဖြစ်ဖြစ်လာပါတယ်။

—..

ယောဂီတို့ သတိပြုဘို့က ငါသည် အဖြစ်အေးတဲ့တရားကို ရချင်လို့ တရားရှာတာလား၊ သို့မဟုတ် အဖြစ်မအေးတဲ့ တရားကိုရချင်လို့ တရားရှာတာလား သတိပြုသင့်တယ်၊ ဦးပဥ္စင်းတို့က မကန့်ကွက်ပါဘူး၊ အဖြစ်မအေးချင်ဘူးဆိုရင် ဖြစ်အောင်လုပ်ရုံပါဘဲ၊ သို့မဟုတ် အဖြစ်အေးတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုလျှင် ပြုဘို့ဆိုပြီး ရေးပြ ဖေါ်ပြ ဟောပြရပါတယ်၊ ဒါကြောင့်အဖြစ်အေးရာမြင်ဘို့ကတော့ အနီးကပ်ဆုံး ဝိပဿနာဉာဏ်ဖြင့် ရှုမြင်ရပါမယ်၊ ဘယ်လိုရှု၊ ဘယ်လိုမြင်ရမလဲဆိုတော့၊ ဖြစ်တယ်လို့ ရှုနေတော့ ရှုစိတ်ဖြစ်နေပါတယ်၊ ပျက်ဘယ်လို့ ရှုပြန်တော့စိတ်နှင့် ရှုရလို့ စိတ်ဘဲဖြစ်ပြီး ရှုစိတ်ဘဲပျက်ရပြန်တယ်၊ ၎င်းရှုစိတ်သည် မရှုမီက ချုပ်နေတာကို ချုပ်နေတဲ့အတိုင်းမြင်တာကို အနိမိတ္တ အနိစ္စ ဝိပဿနာဉာဏ် ခေါ်တယ်၊ ချုပ်နေတာမှန်လို့ ချုပ်ရာနိဗ္ဗာန်ကိုမြင်တာက မဂ်ဉာဏ်ခေါ်တယ်၊ အမြင်ခံတာကနိဗ္ဗာန်တရား၊ မြင်တာကမဂ်တရား၊ ဗမာလိုကတော့ တရားတခုက တရားတခုကိုမြင်စရာရှိလို့ အမြင်ဉာဏ်ရောက်တာကို နိဗ္ဗာန်ရောက်တယ်လို့ ပြောရပါတယ်၊ တရားဘဲရှိလို့ တရားဘဲရောက်ပါတယ်၊ ငါရယ်-သူရယ်-လူရယ်ဆိုတာ အစကထဲကမရှိလို့ သူ-ငါတွေ ရောက်တာမဟုတ်ပါဘူး၊ ဒါကြောင့် စာကြည့်ကြတဲ့ယောဂီများ

(သတိပြု)တရားဆိုတာ တရားအနေနဲ့မှန်ပြီးနေတယ်၊မှန်အောင် လုပ်လို့ မှန်တာမဟုတ်ဘူး၊ မှန်တဲ့အတိုင်းကိုဘဲ မြင်ရမှာ၊ စကျုံ ဥဒပါဒီဆိုတာ ဓမ္မစကြာပါဠိတော်မှာကြည့်ဘူးကြတယ်မဟုတ် လား၊ မှန်နေတဲ့တရားကိုမြင်သာအောင် ပုံဆောင်ပြမယ်၊ယောဂီ အခုစာဘတ်နေတာမှန်တယ်၊ သူတပါးက ဘာလုပ်နေတာလဲလို့ မေးတော့ စာဘတ်နေတယ်လို့ မှန်တဲ့အတိုင်း ပြောရမယ်၊ အဲဒါ ယောဂီပြောလို့မှန်တာလား၊ နဂိုကဘတ်နေတာမှန်ပြီးသားမို့၊ မှန်တဲ့အတိုင်း ပြောရတာ မဟုတ်လား၊ ဒီဥပမာကို မျက်စေ့ ပေါက်အောင်ကြည့်ပါ၊ ဥပမေယျက ယောဂီမနောစိတ်က စိတ်အလုပ် စိတ်တွေး စိတ်မကူးမိက စိတ်အဖြစ်လွတ်နေ ဘာမှန် လို့ လွတ်ရာအေးရာ ငြိမ်သက်ရာ နိဗ္ဗာန်ကြီး ရှိနေတာမှန်တယ်၊ ယောဂီမမြင်လဲမှန်ရက်ဘဲ၊ မြင်လဲမှန်ရက်ဘဲ၊ ဒီလို မှန်တဲ့အတိုင်း အေးရာ ငြိမ်းရာ မြင်တာကို နိဗ္ဗာန်မျက်မှောက် ပြုတယ်လို့ ခေါ်တယ်။

ဤကဲ့သို့ အေးရာမြင်ပြီး အေးသလို ငြိမ်းသလို နေတာကို မဂ္ဂင်အကျင့်လို့ခေါ်တယ်၊ ဤကဲ့သို့ အေးပြီးသား၊ငြိမ်းပြီးသား သစ္စာအနေနဲ့မှန်ပြီးသား၊ နိဗ္ဗာန်တရားကိုမြင်တတ်တဲ့ အတတ် ပညာဉာဏ်မရတော့ သူ့အနေနဲ့ ငါ့အနေနဲ့ အေးချင်တဲ့စိတ် တွေဖြစ်လာပါရော၊ အဲဒီ အေးချင်တဲ့ စိတ်ဘဲ မအေးနေတဲ့ တရားပါကလားလို့မသိ၊ မသိတာဏအဝိဇ္ဇာ၊ အေးချင်တဲ့ ငြိမ်း ချင်တဲ့စိတ်တွေက တဏှာ၊ ဖြစ်ဖြစ်လာတာက သင်္ခါရ၊ ဆုမ တောင်းဘဲ ရရနေတဲ့ စိတ်ဒုက္ခပါကလားယောဂီ၊ အရာရာ မသိ

ဖြစ်ဟာကြီးတယ်၊ ကြီးနေပုံရှင်းပြမယ်၊ သူ့သစ္စာအနေနဲ့ ဖြစ်ရှိနေတဲ့ ဝိပါက် ဒုက္ခတရားကြီးကိုတော့ ဒုက္ခလို့သိတယ်၊ နဂိုက အစကမရှိသေးဘဲလျက် မနော စိတ်က ဆီလို အဓပါက်ရှာပြီး စိတ်တွေးတော့ တွေးစိတ်တွေ ဖြစ်ဖြစ်လာတဲ့ စိတ်ဒုက္ခကိုတော့ သိခဲ့တယ်၊ ရှင်တော်ဘုရားက နဂိုရှိ ဝိပါက် ဒုက္ခတရားတွေကိုလဲ သူငါမဟုတ်တဲ့ ဒုက္ခတရားလို့သိရမယ်တဲ့၊ ခန္ဓာလိုပြောတော့ ပဥ္စက္ခန္ဓာလို့ခေါ်တယ်၊ဗမာလိုကတော့ နဂိုဒုက္ခပေါ့၊ မနောက တွေးပေးတော့မှ အောက်မေ့ပြီး ဖြစ်လာတဲ့ ဒုက္ခကိုတော့ဗမာလိုအပိုဒုက္ခပေါ့၊စာလိုကတော့ ပဥ္စုပါဒါနက္ခန္ဓာခေါ်တယ်၊ ယောဂီစာလိုရေးရလျှင် နက်နဲတယ်၊ အသိခက်တယ်၊ ဘာ့ကြောင့်လဲ စာမတတ်သူ ခက်တာပေါ့၊ ဗမာလိုကတော့ ချမ်းသာချင်လို့ ဆင်းရဲရတာပါ၊ ယောဂီသူများပြောတာမယုံပါနဲ့ သင်ပြနေတဲ့တရား သင်တွေ့နေတဲ့တရား သင်ယုံရမယ်မဟုတ်လား၊ ဘယ်လိုယုံရမလဲ ချမ်းသာချင်တဲ့စိတ်ဟာ ဆင်းရဲတဲ့စိတ်ဒုက္ခဖြစ်နေတဲ့တရား တွေ့နေတယ် မဟုတ်လား၊ ၎င်းချမ်းသာချင်တဲ့စိတ် မဖြစ်မီကတကယ် ချမ်းသာနေတဲ့ တရားကိုတရားအတိုင်းတိုင်းမြင်ပါ၊အဲဒီအဖြစ် အေး အဖြစ်ငြိမ်းပြီး၊ဆင်းရဲတွေဇာတ်သိမ်းပြီး အငြိမ်းဓါတ် နိဗ္ဗာန်တရား အပြင်မှတပါးသင့်မှာ ကိုးကွယ်ရာမရှိတော့ပါဘူး၊ မယုံလျှင် တွေးကြည့်ပါ၊ စိဘ်နှင့်ရှာကြည့်ပါ၊ သို့သော်....မတွေးမီက သူ့အလိုလိုပင်ဂိုက ငြိမ်းနေတာကိုတော့ မြင်ထားပါ ယောဂီ၊ တွေးပြီးသားစိတ်တွေ ရှိမနေနိုင်ပါဘူး၊ အေးပြီးသားအနေနှင့်သာ ရှိနေတာမှန်ပါတယ်၊ ဒါကြောင့် အေးပြီးသား နေရာကစပြီး တွေးရ

ရှာရမှာ မဟုတ်လား၊ တွေးလျှင်တွေး ဒုက္ခမှန်တယ်၊ ရှုလျှင်ရှု ဒုက္ခမှန်တယ်၊ ဒုက္ခစိတ်အလုပ်တွေသိမ်းတော့ အစကအေးငြိမ်းရာ ပြန်ပြီးရောက်နေတာမှန်တယ်၊ ဘယ်နေရာများ ရွှေ့နေစရာ ရှိသေးသလဲ၊ ဒါဖြင့် ကြားထဲမှာ စိတ်အလုပ် စိတ်တွေး စိတ်မအေးအောင် စိတ်လုပ်လိုက်ရတဲ့ စိတ်ဒုက္ခတွေ အလကားပေါ့၊ အကျိုးအခ မရတဲ့ ဒုက္ခလုပ်ရတာဘဲ မဟုတ်လား၊ ဒါကြောင့် စိတ်အလုပ် မလုပ်မိက စိတ်ဒုက္ခတွေ လွတ်ရာ အေးရာ မြင်ပြီး လွတ်သလို အေးသလို ကျင့်နေပါလို့ ရေးပြဟောပြရပါတယ်၊ အေးတဲ့အတိုင်း မနေနိုင်လို့ တွေးလိုက်တော့ နေနိုင်များနေနိုင်ကြသလား၊ မနေနိုင်တဲ့အကျင့်တွေသာ ဖြစ်နေတယ်မဟုတ်လား ယောဂီ၊ ဟောဒီ ဥပမာကိုကြည့်၊ ယောဂီ ထိုင်နေတဲ့ ကြမ်းပေါ်ကို လက်ဝါးနဲ့ ရိုက်ကြည့်စမ်းပါလား၊ အသံတွေ ရိုက်ထုတ်လို့ ကုန်နိုင်ပါ့မလား၊ မကုန်နိုင်တာ မှန်ပါတယ်၊ ရိုက်လေ ထွက်လေ၊ မြန်မြန်ရိုက်တော့ အသံတွေ ဆူပွေမနေဘူးလား၊ အဲဒီအသံတွေရိုက်မှ ထွက်တာ မဟုတ်ဘူးလား၊ မရိုက်မိက အသံတွေ သူ့အလိုလိုချုပ်နေတာ မှန်ပါတယ်၊ ချုပ်နေတာမှန်လို့ ချုပ်ရာကြီး ကောန်ရှိနေတာ မှန်ပါတယ်၊ ယောဂီ ဘယ်လိုရိုက်ရိုက် တာရှည်တော့ ရိုက်၍မနေနိုင်ပါဘူး၊ ရိုက်တဲ့ လက်လဲ သိမ်းရော၊ ပကတိငြိမ်းရက် ငြိမ်းရက်ပြန်ကျမှာပါဘဲ၊ အသံတွေကလဲ ဘာဘာခုမှ သိမ်းပိုက် ဆုပ်ကိုင်ထားလို့ မရပါဘူး၊ ကြားထဲမှာရိုက်ရတဲ့ ဒုက္ခသာမှန်ပါတယ်၊ အဲဒီကြမ်းကို လက်ဝါးနဲ့ ရိုက်ထုတ်လို့ အသံတွေမကုန်သလို ဥပမာကဲ့သို့ ယောဂီတို့ သင်္ခါရဒုက္ခမရှုမိ မနေဘာမတွေးမိက ငြိမ်းနေတဲ့အတိုင်း

တိုင်း မနေနိုင်လို့ တွေးလိုက်မှ တွေးစိတ်တွေ ပွေ့ပွေ့လာတာ ဖြစ်လာတာမှတ်ပါ၊ တွေးထိုက်လို့ ကုန်ပါ့မလား၊ ရှုထိုက်လို့ ကုန်ပါ့မလား၊ ပူစရာတွေးနေသမျှ ပူမှုတွေကုန်ပါ့မလား၊ မုန်းစရာတွေ တွေးနေသမျှ မုန်းမှုတွေကုန်ပါ့မလား၊ ကုန်ရာကိုလဲ ဆရာကောင်းရဲ့ ကုန်ရာကို သိမြင်ပါ၊ စိတ်မတွေးမီက အာသဝေါတို့ရဲ့ ပကတိကုန်ရာကို ကုန်တဲ့အတိုင်းတိုင်း သိမြင်ပြီး ကုန်သလို အေးသလိုနေတာကို ကုန်ကြောင်းအကျင့်ဘဲ၊ အေးကြောင်းအကျင့်ဘဲ၊ ငြိမ်းကြောင်းအကျင့်ဘဲ၊ ဒီအကျင့်သိမြင်မှ နိဗ္ဗာန်နဲ့ ပတ်သက်၍ ကျင့်စရာတမျိုး မရှိတော့ပါဘူးယောဂီ။

# နိဗ္ဗာန်ကိုမြင် ဉာဏ်လေယာဉ်

## ဆောင်ပုဒ်များ။

၁။ လုပ်ချင်ရာ လုပ်ကြမှတော့ ဒုက္ခနှင့် တွေ့မယ်၊ မုချဖြင့်
လယ်မည် မဓမ္မ ဘယ့်မိန့်ဟော၊ လုပ်ချင်မှု သမုဒယ
မကုန်လျှင် ရှုကြရှုခွင့်ပြုတဲ့သဘော၊ ကိုယ့်ဒုက္ခ ကိုယ်
ရှာတယ်၊ မလိုရာ စိတ်စော၊ နဂိုပါ အဝိဇ္ဇာ ရယ်
ကြောင့် သိတ်ဟောလို့မတော်၊ လုပ်တာတွေ ချုပ်
ကြမှ ဒုက္ခနှင့် ကင်းလွတ် မနော်၊ ကင်းလွတ်မှုနိဗ္ဗာန်
ခေါ်တယ်၊ စိတ်အကြံ ချော်တက် မသွားပါနဲ့!
မဂ်သဘော မဂ္ဂင်ပါ ထွက်ရှိပေါ်လာ၊ မြတ်ဗုဒ္ဓ ဟောပြ
ပါတယ်၊ သောတသောဆင်ကြတော့လေး။

၂။ ကောင်းစိတ် မကောင်းစိတ် အကြောင်းဟိတ်ခံလျှင်၊
ဖြစ်မြဲ ပျက်မြဲမလွဲအစဉ်၊ ဝိပဿနာရှု ဉာဏ်ဟုခေါ်
တွင်၊ အဲဒါမှ စူဠသောတဝင်။

၃။ ဖြစ်ပျက်မှန်ငြား တရားနှစ်တန်၊ အကြွင်းမဲ့ငြိမ်း ဇာတ်
သိမ်းနိဗ္ဗာန်၊ မြင်တာက မဂ္ဂကျိုးဖလံ၊ ဟော့ဖော်
ထုတ် လောကုတ်မဟာဉာဏ်။

၄။ ကောင်းမှုပျိုးက ကောင်းကျိုးရမယ်၊ မကောင်းမှုပျိုး
က မကောင်းကျိုးရမယ်၊ ကမ္မသကတ ဉာဏ်ပခေါ်
ကွယ်၊ ဝဋ်အတွင်း လွတ်ကင်း မမြင်တယ်။

(ဘမ္ဗသကတ သမ္မာဒိဋ္ဌိ)

၅။ ကောင်းစိတ်ဖြစ်က ပျက်ရပါတယ်၊ မကောင်းစိတ်ဖြစ်က ပျက်မြဲမှန်တယ်၊ ဝိပဿနာရှု ဉာဏ်ဟုခေါ်လို့ယ် သမ္မာရှိ ဒိဋ္ဌိယူမှန်တယ်။

(ဝိပဿနာ သမ္မာဒိဋ္ဌိ)

၆။ ကောင်းမကောင်းချုပ် ဝိမုတ်မှန်တယ်၊ မဂ်ဖိုလ်ယူသုံး ဉာဏ်ဆုံးခေါ်တယ်၊ ကောင်း မကောင်းကျိုး နှစ်မျိုးပျောက်ကွယ်၊ လောကီချုပ် လောကုတ်ဉာဏ် ခေါ်တယ်(မဂ္ဂဖလ သမ္မာဒိဋ္ဌိ)။

၇။ ချုပ်ငြိမ်းရာအစဉ်ရှုပေတော့ ဘင်အစုရုပ်နာမ်၊ မခင်မှုအဟုတ်မှန်လျှင် မလုပ်ကြံပေဒါ၊ မဂ္ဂင်စစ် ဘာဝနာကိုအခါခါပွားများလေကြ၊ နဂိုချုပ် ရှိအမှန်ကို အသိဉာဏ်နေမှ၊ ပရိကံအခြေမစလေနှင့် ဒေသနာ့ ကျမ်းအလာ၊ အသခ်တာ-တဂုဏ်ထူးသမို့ မကြုံစဘူး အေးမြချမ်းသာ၊ အရိယာ မြတ်ဓမ္မာမှာ၊ အရဟတ္တာဖိုလ်အနေရောက်ပါလိမ့် အပိုတွေ့ မနှောက်ကင်းရမည်သာမယှင်းဓမ္မ တည်ခါ၊ ဘုန်းနန်းမြင့် ဆောင်ရဘွေ့မှာအောင်သပြေ စံကိန်းကွဲ့လေး။

၈။ အိပ်ယာဝင်လျှင် အဓိဋ္ဌာန်ထား၍ စိတ်အကြံမများနှင့်ပကတိအတိုင်းနေ၊ ပကတိအတိုင်းနေလျှင် ဖြစ်ပျက်ကင်း၍ ငြိမ်းခြင်းသုခပြည့်ဝပေ၊ အချိန်တိုင်းမှာကြံ

မတွေးနှင့် အေးအေးနေကြ ယောဂီတွေ၊ အဲဒါမှ အမတ ဝါန နိဗ္ဗာန်ပြည်။

၆။ တပိုင်နက်ကိစ္စပြီ· တချက်တည်းအကုန်ပါ၊ တခြားဟာ တဖုံနည်းရှာမိုးတို့ ဘူးမရှိ ပကတိ အနုတ္တရစိတ်အရ-သတောသွား ငါးပွားလို့ ငါမြင်တာ ငါ၀င်မှာနိဗ္ဗာန် ဘဲလို့ ယူစွဲလို့မရပေ၊ ဓမ္မအနေ မြင်လာတာပြလိုက်တော့ သင်္ခါရာဝ သင်္ခါရေ ဝိပဿနာ့ကျမ်းရှိအရ သင်္ခါရဖြစ်သော ပညာဉာဏ် နာမ်ဓမ္မအနိစ္စစိတ် အစုက အတတ်ရှုသိမြင်အောင် ဆင်ခြင်ခါ ပွားများမှုကြောင့် သင်္ခါရ တရားနှစ်ပါးဟု ဆိုရသောရုပ်နှင့်နာမ်သဘာဝ ကို ပြာကျအောင်အဆုံးမြင် ဘုံသုံးခွင် ခန္ဓာဝဋ် ကိုင်း ညွတ်သည့် အာသာပြောင် မဟာမှောင် ဝဋ်အတွင်းမှ လွတ်ကင်းမှု အအေးစိတ် ပရမတ်သူ့အလို ပင်ကိုက အရှိသဘော နိရောဓ စိတ်သစ္စာ ချုပ်ငြိမ်းရာ အမှန် ကြည့်ပြီ·သန္တိမြတ်ရိပ်ငြိမ်းကိုနိဗ္ဗုတိဝနိဗ္ဗုတော ပုဂ္ဂိုလ်· သတ္တဝါနှင့်မရောယှက် သဘောသက်သက် ဝဋ်ငြိမ်းတာ ကိုသဘောက်သိမ်းရာ နိဗ္ဗာန်တရားပါဘဲလို့ ထင်ရှားစွာ ပရမေဘဂဝါက အသေအချာ ရွှေဉာဏ်တော်နှင့်ရှုပြီး တော့ တေသံဝူပသမော သုခေါ-ဟု မိန့်တော် မူခဲ့ပါ ပေသတည်း။

**တေသံ၊ ထိုသဘောတရားတို့သည်။ ဝူပသမော၊ လောဘမီး၊ ဒေါသမီး၊ မောဟမီးစသော အပူခပ်သိမ်း ငြိမ်းသည်ဖြစ်၍၊ သုခေါ၊ ချမ်းသာလှတော့သည်သာလျှင်တည်း။**

ကျောက်သဘော် ရိပ်သာ ရန်ကုန်မြို့
ကျိုက္ကဆံဘုရား အရှေ့ရိပ်သာဆရာတော်

# ဦးပညာ့ စက္ကဟောစဉ်

(၁)

၁။ ဖြစ်တာသင်္ခါရ။
၂။ ချုပ်တာသင်္ခတ။
၃။ ချုပ်ရာ အသင်္ခတ။

(၂)

၁။ ဖြစ်တာသင်္ခါရ ရုပ်နာမ်။
၂။ ချုပ်တာ သင်္ခါတ ရုပ်နာမ်။
၃။ ချုပ်ရာ အသင်္ခါတ နိဗ္ဗာန်။

(၃)

၁။ ဖြစ်တာ သနိမိတ္တ ရုပ်နာမ်။
၂။ ချုပ်တာ အနိမိတ္တ ရုပ်နာမ်။
၃။ ချုပ်ရာ အနိမိတ္တ နိဗ္ဗာန်။

(၄)

၁။ ဖြစ်တာလောကီတရား သင်္ခါရ။
၂။ ချုပ်တာလောကီတရား သင်္ခတ။
၃။ ချုပ်ရာ လောကုတ္တရာတရား အသင်္ခတ။

(၅)

၁။ ဖြစ်တာအနိစ္စ။
၂။ ချုပ်တာအနိစ္စမေ့။
၃။ ချုပ်ရာ နိစ္စမေ့။

(၆)

၁။ ဖြစ်တာ ဒုက္ခ။
၂။ ချုပ်တာ ဒုက္ခမဲ့။
၃။ ချုပ်ရာ ဒုက္ခနိရောဓ

(၇)

၁။ ဖြစ်တာ သင်္ခါရ အနတ္တ။
၂။ ချုပ်တာ သင်္ခါ အနတ္တ။
၃။ ချုပ်ရာ အသင်္ခါ အနတ္တ။

(၈)

၁။ ဖြစ်တာ ဥပါဒ။
၂။ ချုပ်တာ ဥပါဒနိရောဓ။
၃။ ချုပ်ရာ အနုပ္ပါဒနိရောဓ။

(၉)

၁။ ဖြစ်တာ သဘာဝသစ္စာ
၂။ ချုပ်တာ ပရမတ္ထသစ္စာ။
၃။ ချုပ်ရာ အရိယာသစ္စာ။

(၁၀)

၁။ ဖြစ်တာ သမုတိသစ္စာ။
၂။ ချုပ်တာ သင်္ခတ ပရမတ္တသစ္စာ။
၃။ ချုပ်ရာ အသင်္ခါ ပရမတ္တသစ္စာ။

( ၁၁ )

၁။ ဖြစ်တာ သတ္တ လောကနှင့် သင်္ခါရ လောက။

၂။ ချုပ်တာ ဩကာသ လောက။

၃။ ချုပ်ရာ လောကသုံးပါးမှ လွန်မြောက် သည့်လောကုတ္တရာတရားနိဗ္ဗာန်။

( ၁၂ )

၁။ ဖြစ်တာ } ကို ပိုင်းခြား၍ သိရုံသိရမည့်

၂။ ချုပ်တာ } တရား။

၃။ ချုပ်ရာကို မျက်မှောက်ပြုရမည့်တရား။

( ၁၃ )

၁။ ဖြစ်တာသင်္ခါရ။

၂။ ချုပ်တာပရိနိဗ္ဗာန်။

၃။ ချုပ်ရာနိဗ္ဗာန်။

( ၁၄ )

၁။ ဖြစ်တာသင်္ခါရ။

၂။ ချုပ်တာနိရောဓမ္မ။

၃။ ချုပ်ရာနိရောဓသစ္စာ။

( ၁၅ )

၁။ ဖြစ်တာ ဒုက္ခသစ္စာ။

၂။ ချုပ်တာ ဒုက္ခအရိယာသစ္စာ။

၃။ ချုပ်ရာ ဒုက္ခနိရောဓအရိယာသစ္စာ။

( ၁၄ )

၁။ ဖြစ်တာ အ-ပဟာတဗ္ဗဒုက္ခသစ္စာ။

၂။ ချုပ်တာ ပဟာတဗ္ဗဒုက္ခသစ္စာ။

၃။ ချုပ်ရာ သစ္ဆိကာတဗ္ဗ နိရောဓသစ္စာ။

ဖြစ်တာ....ပြုပြင်မှုကိုလဲ သင်္ခါရလို့ခေါ်တယ်၊ ပြုပြင်လို့ ဖြစ်ပေါ်လာတဲ့ သဘောကိုလဲသင်္ခါရလို့ခေါ်တယ်၊ ဖြစ်ပေါ်ပြီးတဲ့နောက် ပျောက်ပျက်ကုန်ခမ်း သွားတာကိုလဲ၊ သင်္ခါရလို့ ခေါ်တယ်၊ လိုချင်တာကလေးတခုဖြစ်ပေါ်လာမှ လောဘလို့ နာမည်ပေးလို့ရတယ်၊ ကြမ်းတမ်းတာလေးတခု ဖြစ်ပေါ်လာမှ ဒေါသလို့ နာမည်ပေးလို့ရတယ်၊ နာမည်ပေးလို့ရလာတဲ့ အခါကျမှ သင်္ခါရလို့ခေါ်တယ်၊သင်္ခါရဆိုတာ ဖြစ်ပျက်နိမိတ် ရှိတယ်။

ချုပ်တာ....မပြုပြင်မီက ငြိမ်းနေတဲ့သဘော၊ ချုပ်နေတဲ့ သဘော၊ ကုန်နေတဲ့သဘော၊ အေးနေတဲ့သဘော၊ ပျောက်နေ၍ ရှာမတွေ့တဲ့သဘောကို သင်္ခတလို့ခေါ်တယ်၊ ချုပ်နေပေမယ် လို့ ပြုပြင်လိုက်ပါက ဖြစ်ပေါ်လာမည့်သဘောရှိတယ်၊ဖြစ်ပြီး သွားတော့မဟုတ်ဘူး၊ ဖြစ်ပျက်နိမိတ်မရှိဘူး၊ ဖြစ်ခြင်းပျက်ခြင်း မှ ဆိတ်သုဉ်းနေတယ်၊ (အဲဒါဟာ နိဗ္ဗာန်မဟုတ်သေးဘူး) လောကုတ္တရာတရားလို့ ထင်မနေကြနှင့် လောကီတရားသင်္ခတ တရားအနိမိတ္တ ရုပ်နာမ်မျှသာရှိသေးတယ်၊ အဲဒီသင်္ခတတရားကို သိတာတ လက္ခဏာဉာဏ်လို့ခေါ်တယ်၊ အထက်တန်းဝိပဿနာ ဉာဏ်လို့ ခေါ်တယ်၊ သူကဖေါက်ပြန်တတ်တဲ့သဘောရှိတယ်၊ သဘော ၂ မျိုးရှိတယ်၊ ၁။ဖြစ်စရာအကြောင်းနှင့် တွေ့လျှင်ဖြစ်

မယ်၊ ၂။ ချုပ်စရာအကြောင်းနှင့်တွေ့လျှင်ချုပ်မယ်၊ သင်္ခတရှိတယ် ဆိုတာကတော့ ဘယ်အနေနဲ့ ရှိသလဲဆိုလျှင် သုညတ အနေ နှင့်ရှိတယ်၊ အနိမိတ္တအနေနှင့်ရှိတယ်၊ ဖြစ်ပြီးသား အနေမျိုး နှင့်တော့ ရှိနေတာလဲမဟုတ်ဘူး၊ မဖြစ်ဘဲလဲမနေဘူး၊ သင်္ခါ ရ သဘောသို့ မရောက်သေးမီ သင်္ခတ အနေနဲ့ ရှိတယ်၊ ဖြစ် လာကြပြန်တော့လဲ သင်္ခတမဟုတ်ဘူး၊ သင်္ခါရသာဟုတ်တယ်၊ ချုပ်နေတဲ့သဘောမို့ ဖြစ်ပျက် နိမိတ် သဉ်းဆိတ် နေသော ကြောင့် လောဘဟူ၍လည်း နာမည်ပေးလို့မရသေး၊ ဒေါသ ဟူ၍လည်း နာမည်ပေးလို့မရသေး၊ အဲဒါကို သင်္ခတလို့ခေါ် တယ်။

ငြိမ်းတာနှင့် ငြိမ်းရာဟာ (သင်္ခတနှင့်အသင်္ခတ)ဟာတခြား စီ တခုစီလဲမဟုတ်ဘူး၊ ဒါဖြင့်ရင် အတူတူ တခုထဲဘဲလားလို့ မေးရင်တော့လဲ သည်လို တခုထဲဘဲလဲမဟုတ်ဘူး၊ တူပုံကိုလည်း သိထားရမယ်၊ ကွဲပြားခြားနားပြီး၊ ကွဲပုံကိုလဲ သိထားရမယ်၊ သို့မှသာအမှန်သိကြမယ်၊ သင်္ခတကလဲ သင်္ခတအနေနဲ့ ရှိရမယ်၊ အသင်္ခတကလဲ အသင်္ခတအနေနှင့်ရှိရမယ်၊ သင်္ခတမှ လွဲ၍လည်း အခြားတပါးသော အသင်္ခတ ဆို၍ အသီးအခြားမရှိပုံကိုလည်း သေချာစွာသိမြင်ရမယ်။

သင်္ခတဓမ္မဟာ နိဗ္ဗာန်ကို မမြင် မသိသေးသော ပုထုဇဉ် ပုဂ္ဂိုလ်များလို ချုပ်ကြောင်း အကျင့် မရှိသေးပါက ဖြစ် ကြောင်းဆိုသည့် လောကီအာရုံတွေနှင့် ဆက်စပ် နေခဲ့ပါလျှင် ဖြစ်ပျက်သင်္ခါရသဘောသို့သာ သက်ရောက်နေပါသည်၊ ထို့ ကြောင့် ၎င်းသင်္ခတ တရားသည်ဖြစ်စရာအကြောင်းနှင့်တွေ့က

ဖြစ်တတ်သော သဘောရှိပါ၍ ၎င်းကို 'ဖြစ်လိုင်း' ဟု ခေါ်ပါသည်။

ထို့အတူ နိဗ္ဗာန်ကိုသိမြင်ပြီးသော အရိယာများမှာ ချုပ်ကြောင်း အကျင့်ဖြစ်သော မဂ်ဉာဏ်-ဖိုဉာဏ်နှင့်ယှဉ်သည့် မဂ္ဂသစ္စာကြောင့် ထိုသခ်ိတမ္မေတို့၏ ဖြစ်ပေါ်ဦးမည့် သဘောတွေသည်ဖြစ်ခွင့်မရကြတော့ဘဲ နောက်ထပ်တဖန် ဘယ်တော့မှ ဘယ်အခါမှ ဖြစ်ပေါ်ခြင်းမရှိကြတော့ဘဲ၊ မူလပဋ်တိကိုက်ချုပ်ငြိမ်းနေသည့်အတိုင်းဘဲ ချုပ်ငြိမ်းပြီးသားမှန်နေတာကို အသင်္ခတ-ဓမ္မာဟု ခေါ်ရှိပါသည်၊ ၎င်းကို "ချုပ်လိုင်း" ဟု ခေါ်ပါသည်။

ချုပ်တာနှင့် ချုပ်ရာ }
ငြိမ်းတာနှင့် ငြိမ်းရာ } ဟု နှစ်မျိုး ရှိသည့်အနက်။

ချုပ်တာ ငြိမ်းတာသည် ရုပ်နာမ်၏ အ-ဘာဝ ကိလေသာ၏ အ-ဘာဝ၊ ချုပ်ရာ ငြိမ်းရာသည် နိဗ္ဗာန်၏ သ-ဘာဝ။

ရုပ်နာမ်ကိလေသာတို့ကို ကုန်အောင် ငြိမ်းအောင် ချုပ်အောင် ပြုလုပ်၍ ကုန်တာမျိုး ငြိမ်းတာမျိုး ချုပ်တာမျိုး မဟုတ်ပါ။

ကုန်ရာ ငြိမ်းရာ ချုပ်ရာ အေးရာတည်းဟူသော နိဗ္ဗာန်ကို မြင်သိတတ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် ယှဉ်သည့် မဂ္ဂသစ္စာကြောင့်သာလျှင် ကိလေသာတွေ ရုပ်နာမ်တွေ ချုပ်ငြိမ်းရပါတယ်၊ ဒါကြောင့် ချုပ်ရာနိဗ္ဗာန်က အကြောင်းတရား။

ကိလေသာတွေ ရုပ်နာမ်တွေ ချုပ်တာက အကျိုးတရားရယ်လို့ နှစ်မျိုး နှစ်စားသိရပါမယ်။

ချုပ်ရာကို သိတာက မဂ်ဉာဏ်၊ ချုပ်တာကို သိတာက အထက်တန်း ဝိပဿနာဉာဏ်။

ချုပ်ရာက အသင်္ခတနိဗ္ဗာန်၊ ချုပ်တာက သင်္ခတ ရုပ်နာမ်။

ချုပ်တာ သင်္ခတ တရားကို ပိုင်းခြား၍ သိအပ်သည့် တရား။

ချုပ်ရာ အသင်္ခတကို မျက်မှောက် ပြုအပ်သည့်တရား။

၁။ ဖြစ်တာကိုသိတာက အောက်တန်းဝိပဿနာဉာဏ်။

၂။ ချုပ်တာကိုသိတာက အထက်တန်းဝိပဿနာဉာဏ်။

၃။ ချုပ်ရာကိုသိတာက မဂ်ဉာဏ်ဖိုလ်ဉာဏ်။

၁။ ဖြစ်တာပျက်တာကိုသိတာက ဉဒယဗ္ဗယ အနိစ္စဝိပဿနာဉာဏ်၊ တရုဏဝိပဿနာဉာဏ်။

၂။ ချုပ်တာကိုသိတာက အနိမိတ္တအနိစ္စ ဝိပဿနာဉာဏ်၊ ဝုဋ္ဌာန ဂါမိနီ ဝိပဿနာဉာဏ် အနုလောမခန္တီဉာဏ်၊ သုညတ အနုပဿနာဉာဏ်။

၃။ ချုပ်ရာကိုသိတာက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်။

ဒိဋ္ဌိလေးမျိုးရှင်းတမ်း။

(၁) အတိသြဠာရိက အတ္တဒိဋ္ဌိ - အလွန့်အလွန် ရုန့်ရင်း ကြမ်းတမ်းသော အတ္တဒိဋ္ဌိ။

(၂) သြဠာရိကအတ္တဒိဋ္ဌိ-ရုန့်ရင်းကြမ်းတမ်းသောအတ္တဒိဋ္ဌိ။

(၃) သုခုမအတ္တဒိဋ္ဌိ-နူးညံ့သိမ်မွေ့သော အတ္တဒိဋ္ဌိ။

(၄) အတီတသုခုမ အတ္တဒိဋ္ဌိ-အလွန်အလွန် နူးညံ့သိမ်မွေ့သော အတ္တဒိဋ္ဌိ။

(၁) အတိဩဠာရိက အတ္တဒိဋ္ဌိကို-နာမရူပ၊ ပရိစ္ဆေဒဉာဏ်ဖြင့် ပယ်သတ်၏။ငါ သူတပါးယောကျ်ား၊မိန်းမပုဂ္ဂိုလ်သတ္တဝါမရှိဘူး၊ နာမ်နှင့်ရုပ် ၂-ပါးသာရှိသည်ဟု ရုပ်နာမ် နှစ်ပါးကိုပိုင်းပိုင်းခြားခြားသိလျှင် ၎င်းအတိဩဠာရိက အတ္တဒိဋ္ဌိချုပ်၏။

(၂) ဩဠာရိက အတ္တဒိဋ္ဌိကို ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ပယ်သတ်၏၊ ရုပ်အရား၊ နာမ်တရားနှစ်ပါးသည် အကြောင်းမဲ့ရင်းနှင့်ဖြစ်ပေါ်လာတာမျိုးမဟုတ်၊ သဘောဘာကမမှ သပစ္စယမှဖြစ်ပေါ်လာစရာအကြောင်းတရားနှင့် တွေ့ဆုံမှသာလျှင် ဖြစ်ပေါ်လာတတ်သည်။ ဗြဟ္မာဖန်ဆင်း၍လည်းမဟုတ်၊ နတ်ဖန်ဆင်း၍လည်းမဟုတ်၊ အကြောင်းမရှိဘဲနှင့်လည်းမဖြစ်၊ကိုယ့်ကိုကိုယ်ကနှလုံးသွင်း၍ အာရုံပြု၍ ပြုပြင်၍ အားထုတ်၍ စိတ်ကူး၍၊ ရုပ်-နာမ်နှစ်ပါးဖြစ်လာခြင်းက အဇ္ဈတ္တအကြောင်း၊ သူတပါးကမေး၍သော်၎င်း၊ သူတပါးက ဆဲ၍သော်၎င်း၊ သူတပါးက မခံချင်အောင် ပြု၍သော်၎င်း၊ တစုံတခု တမျိုးမျိုးသော ရုပ်နာမ် ၂-ပါး ဖြစ်ပေါ်လာခြင်းက ဗဟိဒ္ဓအကြောင်း ထိုထိုအကြောင်းတရားတွေကြောင့် အကျိုးတရားအနေနှင့် ဖြစ်ပေါ်လာရသောရုပ်နာမ်တွေပါကလား၊လို့ အကြောင်းကိုသိမ်းဆည်းသောဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်ဟုခေါ်သည်။ ထိုဉာဏ်ဖြင့် နံပါတ် ၂-ဩဠာရိကအတ္တဒိဋ္ဌိကိုပယ်သတ်၏။

(၃) သုခုမအတ္တဒိဋ္ဌိကို - လက္ခဏာဉာဏ်၊ အနိမိတ္တ အနိစ္စဝိပဿနာဉာဏ်၊ အနုလောမခန္တီဉာဏ်၊ ဝုဋ္ဌာနဂါမိနီဝိပဿနာ

ဉာဏ်၊ သုညတာနုပဿနာဉာဏ်၊ အထက်တန်းဝိပဿနာဉာဏ်ဖြင့် ပယ်သတ်၏။ပဉ္စုပါဒါနက္ခန္ဓာတည်းဟူသောအပိုရုပ်နာမ်တို့သည် အစကမရှိ၊ မပြုပြင်မီကမရှိ၊ အမြဲမရှိ ချုပ်နေတာ၊ ကုန်နေတာ၊ ပျောက်နေတာ၊ ရှာမတွေ့တာ အနိစ္စချောက်နေပါကလားလို့ သေသေချာချာ ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာပိုင်အောင် နောက်တဖန် ဝိပဿနာကို တခမ်းတနားလုပ်စရာတော့ မရှိပါကလားလို့ ဝိပဿနာတွင် ဆုံးအောင် မြင်သွားသည့် ဉာဏ်ကိုခေါ်သည်။ ၎င်းဉာဏ်က နံပါတ် ၃-သုခုမအတ္တဒိဋ္ဌိကိုပယ်သတ်သည်ဟု ပြောရသည်။

(၄) အတိသုခုမ အတ္တဒိဋ္ဌိကိုတော့ နိဗ္ဗာန်ကိုမြင်တဲ့မဂ်ဉာဏ်မှသာလျှင် ဒိဋ္ဌိကိလေသာကို အနုသယနှင့်တကွ သမုစ္ဆေဒပယ်သတ်သည်ဟုပြောရပါသည်။သို့သော် တမင်ပယ်စရာ တရားမရှိ၊ နိဗ္ဗာန်ကိုမြင်သိတတ်တဲ့ မဂ်ဉာဏ်ကြောင့် ဖြစ်ပေါ်လာရဦးမည့် ဒိဋ္ဌိကိလေသာတို့သည် နောင်တဖန် အသစ်ထပ်မံဖြစ်ခွင့်မရကြဘဲ အစကလွတ်ငြိမ်းရာကိုသိသောကြောင့် ၎င်းဉာဏ်ကပယ်သတ်ပါသည်ဟု ပြောရသည်။

## မဂ္ဂင်ရှစ်ပါးကို ခွဲခြား၍ပြသောအခန်း

၁။ မိစ္ဆာမဂ္ဂင်-အမှားမဂ္ဂင်
၂။ ကမ္မဿကတာ သမ္မာဒိဋ္ဌိမဂ္ဂင်
၃။ ဈာနသမ္မာဒိဋ္ဌိမဂ္ဂင်
၄။ ဝိပဿနာ သမ္မာဒိဋ္ဌိမဂ္ဂင် (၎င်း ၃-မျိုးလောကီ အမှန်မဂ္ဂင်။)
၅။ မဂ္ဂဖလသမ္မာဒိဋ္ဌိမဂ္ဂင်၊ လောကုတ္တရာအမှန်မဂ္ဂင်။

(၁) မိစ္ဆာမဂ္ဂင်-အကုသိုလ် ၁၀-ပါးကိုပြုလျှင် အပါယ်လေးဘုံသို့ရောက်မည်၊ ဖြစ်စေတတ်သည်။

(၂) ကမ္မသကတာ သမ္မာဒိဋ္ဌိမဂ္ဂင်-ပညာကြီးယာ ၁၀-ပါးကို မဂ္ဂင်ရှစ်ပါးဖြင့် ပြုလုပ်လျှင် နိဗ္ဗာန် မမြင်သေးသောကြောင့် လောကီမဂ္ဂင်ဖြစ်၍ ကာမာဝစရကုသိုလ် အရှိန်အဟုန်ကြောင့် များသောအားဖြင့် လူ့ပြည်-နတ်ပြည်ခြောက်ထပ်သို့သာ အကျိုးပေးနိုင်သည်၊ ရနိုင်သည်၊ ရောက်နိုင်သည်။

(၃) ဈာနသမ္မာဒိဋ္ဌိမဂ္ဂင် - ဈာနလာဘီလမ်းကား သမထ ၄၀-ဖြင့် မဂ္ဂင်ရှစ်ပါးကို အားထုတ်သော် နိဗ္ဗာန်မမြင်သေးသောကြောင့် လောကီမဂ္ဂင်သာဖြစ်သည်၊ ရူပါဝစရကုသိုလ်၊အရူပါဝစရကုသိုလ်ဖြစ်၍ ဗြဟ္မာဘုံသို့သာလျှင် ရစေတတ်၊ ရောက်စေတတ်၏။

(၄) ဝိပဿနာ သမ္မာဒိဋ္ဌိမဂ္ဂင် - ရုပ်နာမ်ဖြစ်ပျက် သင်္ခါရတရား၊ လောကီတရားကို မဂ္ဂင်ရှစ်ပါးနှင့် အားထုတ်ပြန်လေသော်လည်း နိဗ္ဗာန်ကိုမြင်သိသော မဂ်ဉာဏ် ဖိုလ်ဉာဏ်မဟုတ်သေးသောကြောင့် လောကီမဂ္ဂင်သာဖြစ်သည်၊ လောကုတ္တရာတရားမဟုတ်သေးပါ၊ လောကမှ မလွတ်မြောက် နိုင်သေးပါ၊ ဒိဋ္ဌိကိလေသာကို အနုသယနှင့်တကွ သမုစ္ဆေဒ မပါယ်သတ်နိုင်သေးပါ။

(၅) မဂ္ဂဖလသမ္မာဒိဋ္ဌိမဂ္ဂင်-ပညတ်ကိုလည်း အာရုံမပြု၊ ဖြစ်ပျက်သင်္ခါရ လောကရုပ်နာမ်ကိုလည်း အာရုံမပြု၊ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုသာလျှင် မဂ်စိတ်လေးပါး၊ ဖိုလ်စိတ်လေးပါးဖြင့်ယှဉ်၍ မဂ္ဂင်ရှစ်ပါးနှင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုကျင့်သည့် မဂ္ဂဘာဝနာ

ဖြစ်သောကြောင့် မင်္ဂလေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဆိုသည့် လောကုတ္တရာတရားသာလျှင်ဖြစ်ခြင်းကြောင့်၊ သုံးဆယ့်တဘုံမှ လွတ်မြောက်တဲ့တရားဖြစ်ပါသည်၊ အကြောင်းခံတရားကလည်း လောကုတ္တရာတရားဖြစ်နေ၍ အကျိုးမှာလည်း လောကမှ လွန်မြောက်ရပါတော့သည်။

## စိတ်၏လွတ်လပ်ခြင်း

ဗုဒ္ဓမမ္မလောကစာစောင်မှ ကောက်နုတ်ချက်။

စိတ်သည် ရင်ချိုင့်မှာရှိ၏၊ နှလုံးသွေးထဲမှာရှိ၏၊ ငယ်ထိပ်မှာ ရှိ၏၊ ဦးနှောက်မှာရှိ၏၊ နှာသီးဖျားမှာရှိ၏ စသည်ဖြင့် အရပ်ဒေသတခုခုတွင် ရှိနေပါသည်ဟု မချမပြောနိုင်၊ စိတ်သည် ဘယ်အရပ်မှ မရှိသည်ဟူ၍လည်း မဆိုနိုင်ပေ၊ နေရာဒေသ တခုခု၌ စိတ်သည် ကေန်တည်ရှိမနေကြောင်း သာဓကယုတ္တိဖြင့်ပြပါအံ့။

ဥပမာ။ ။ယခု အသင်စာရှုသူများရှေ့မှောက်တွင်ကြက်ဥ တလုံးကိုချထားပါမည်၊ ထိုကြက်ဥမှ ပေါက်မည့် ကြက်သည် ကြက်ဖိုဟုဧင်း၊ကြက်မဟုဧင်း ကေန်သိနေသည့်စိတ်သည် အသင်တို့မှာရှိနေပါသလား၊ ကြက်ဖို-ကြက်မဟု တထစ်ချပြောနိုင်မည့်စိတ် အသင်တို့မှာ ရှိမနေသည်ကား အမှန်ပင်ဖြစ်၏၊ နှလုံးသွေးထဲမှာ သိ့စိတ်တွေရှိနေပါက ကြက်ဥထဲမှကြက်သည် ကြက်ဖိုဘဲ—ကြက်မဘဲဟု တွက်၍သိ့ပြစမ်းပါ၊ မည်သည့်နည်းနှင့်မျှ တွက်၍မသိနိုင်၊ ကြက်ဖို ကြက်မဘဲဟု ကေန်သိမည့်စိတ်များ သည် ဘယ်နေရာ ဘယ်ဒေသမှာမှ စပါးဘွေလို အစုလိုက် အပုံလိုက်ရှိမနေပါ။

အဒဿနတော အာယန္တိ၊ ဘင်္ဂါ ဂစ္ဆန္တုဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။

ဟု နိဒ္ဒေသပါဠိတော်မှာ ပြထားပါသည်။

နေရာဒေသ အရပ်ကာလနှင့်ရှိမနေဘဲ အကြောင်းတိုက်ဆိုင်မှု မမြင်ရရာ အ,ဘာဝအဖြစ်မှ လာရောက်ကြကြောင်းထင်ရှားပါသည်၊ စိတ်သည် လုံးဝမရှိဟူ၍မဆိုနိုင်၊ ယခု ဤစာလုံးများအား မြင်သိနေသောစိတ်သည် ဖြစ်ခါ ပျက်ခါ ရှိနေပါသည်၊ သို့သော် ကျွန်ုပ်တို့၏ နှလုံးသွေးထဲမှ ခုဖြစ် ခုပျက် နေကြသည့် သဘောများသာ ဖြစ်ပါသည်၊ ဤမှတဆင့်တက်၍ ဤကဲ့သို့ သဘောရှိသောစိတ်အား မည်ကဲ့သို့ လွတ်လပ်ရေး ပေးမည်နည်း၊ ဘာမှမသိသောစိတ်ကို မေ့ဆေးပေးထားသလို ဖြစ်နေအောင် ကျင့်ခြင်းသည်ပင် စိတ်ကိုလွတ်လပ်ရေးပေးသည်ဟု ခေါ်မည်လော၊ ဤသို့ အကျင့်တခုဖြင့် ဘာစိတ်မျှမဖြစ်ဘဲ တလ,တနှစ်စသည်ဖြင့် မသေမခြင်း ထာဝစဉ် စိတ်ကို လွတ်လပ်ရေးပေးပြီး နေနိုင်ပါမည်လော။

## သမထယာနိက ရဟန္တာများ

သမထယာနိက ရဟန္တာများမှာကား ဘာစိတ်မျှမရှိဘဲ၊ နိရောဓသမာပတ်ကို(၇)ရက် ဝင်စားနိုင်၏ဟု လယ်တီဆရာတော်ဘုရားကြီးက ကမ္မဋ္ဌာန်းကျမ်းကြီးတွင် ရေးသားထားပါသည်၊ ရဟန္တာများပင်လျှင် ခန္ဓာဝန် ကြီးလေးသည်ဖြစ်၍ နိရောဓသမာပတ်မှ ထပါက ကိုယ်လက်ပြုပြင်မှု၊ ဆွမ်းခံမှု၊ ရေသပ္ပါယ်မှု စသည်ဖြင့် ခန္ဓာဝန်ကို ဝတ္တရားအတိုင်း ပြုစုသဖြင့် စိတ်များဖြစ်

ပေါ်လာပါသည်၊ ဤစိတ်ကို မည်ကဲ့သို့ လွတ်လပ်ရေးပေးပါမည်နည်း။

သုတ္တ, သုတ္တာနုလောမ၊ အာစရိယဝါဒ၊ အတ္တနောမတိဟူသော မဟာပဒေသ တရားလေးပါးနှင့်ညှိနှိုင်း၍ ပြောရပါလျှင် အသက်ရှင်နေစဉ် လွတ်လပ်ရေးပေးရသောစိတ်နှင့် လွတ်လပ်ရေးပေးမရသောစိတ်ဟူ၍ နှစ်မျိုးရှိပါသည်။

အသက်ရှင်နေစဉ် လွတ်လပ်ရေးရနိုင်သော စိတ်များကား.... လောဘ,ဒေါသ,မောဟ,ရာဂ၊မာန၊ အာသဝဒိဋ္ဌိစိတ်များနှင့် ပူဆွေးစိတ်၊ ဓမ်းသာစိတ်များဖြစ်လေသည်၊ ဤစိတ်များကား အထက်ဖော်ပြပါ နိဒ္ဒေသပါဠိတော်အတိုင်း နှလုံးသွေးထဲတွင် မူလကရှိမနေပါ၊ မိမိစိတ်ကဖြစ်ချင်ပြီး တွေးမှကြံမှ အောက်မေ့မှ ဖြစ်လာကြပါတယ်၊ စဉ်းစားမှဖြစ်လာကြပါတယ်။

အသက်ရှင်နေစဉ် လွတ်လပ်ရေးပေးမရသော စိတ်များကား မြင်သိစိတ်၊ကြားသိစိတ်၊ စားသိစိတ်၊ နံသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်များပင်ဖြစ်ပါသည်။

ဤစိတ်မျိုးများ လုံးဝမဖြစ်နိုင်ရန် တလမျှနေနိုင်သည့်လူမရှိပါ၊ ဘာစိတ်မှမရှိဘဲ ငုတ်တုတ်နေနိုင်အောင် သမထ(၄၀) ထဲမှတရားတခုကို အားထုတ်နေပါလျှင် အလွန်ဆုံး(၇)ရက်သာနေနိုင်ပါလိမ့်မည်။ (၇)ရက်နေနိုင်သည်ဆိုသော်လည်း သမထယာနိကရဟန္တာအဆင့်သို့ မရောက်သေးသူများ ဘယ်နည်းနှင့်မျှ မနေနိုင်ပါ၊ ထို့ကြောင့် ရိုးရိုး ရှိနေကျစိတ်မျိုးမဖြစ်နိုင်ရန် ထာဝစဉ်ထိန်းချုပ်၍ မရနိုင်ပါ။

ယခုမျက်မှောက်ခေတ်သည် သမထယာနိကစျာပနလာဘီယ

ဈာန်ပျံနိုင်သော ရဟန္တာ ခေတ်မဟုတ်ပါ၊ သုက္ခဝိပဿက ဈာန် မပါသော ဝိပဿနာဉာဏ်ဖြင့် မြေလျှောက်ရဟန္တာခေတ်သာ လျှင် ဖြစ်ပါသည်။

ထို့ကြောင့် လောဘ၊ ဒေါသ၊ အစရှိသည့် တထောင့်ငါးရာ ကိလေသာစိတ်များဝင်ပြီး၊ ဖြစ်ခွင့်မရှိစေရန် လောဘ၊ ဒေါသ အစရှိသည့်သံသရာကိုကျဉ်းလည်စေတတ်သော၊ စိတ်များမပေါ် ဘဲနေသည့် နဂိုသဘာဝ စိတ်သဘောအတိုင်း ထပ်ခါ ထပ်ခါ သိနေသော၊ သတိဖြင့် တရားကိုကျင့်ကြံအားထုတ်သင့်ပါသည်။

ဤကဲ့သို့ အကျင့်တရားဖြင့်နေခြင်းကို စကားအရာအားဖြင့် စိတ်လွတ်လပ်နေတယ်၊ စိတ်အငြိမ်းစား ဖြစ်နေတယ်၊ စိတ်ကို အလကားထားတယ်၊ စိတ်ကို ဘယ်လိုမှအသုံးမချဘူး၊ စိတ်နှင့် ပြုပြင်မှုများကို တခုမှမလုပ်ဘူး၊ စိတ်ကို စိတ်အတိုင်းတိုင်းထား တယ်ဟု ပြောပါသတည်း။

## တရားအားထုတ်ခြင်း

ဤကဲ့သို့ အကျင့်ဖြစ်နေသောအခါ စိတ်ကို ကျဉ်းကျပ်နေ အောင် အသင်စိတ်၊ အသင်ဘယ်အရပ်ကိုမှ မသွားရငါထားရာ နေရမည်ဟု အတင်းထိန်းချုပ်ခါ တနေရာရာမှာ မှတ်ထားပြီးနေ ရန်လည်းမဟုတ်ပါ၊ မိမိက အသစ်တခုပြုလုပ်မပေးလျှင် အသစ် တခုဖြစ်မလာဘဲ၊ လဟာပြင်အတိဖြစ်နေသည့်အတိုင်း သဘာဝ အလျောက် ချုပ်ငြိမ်းနေသည့်သဘောအား လွယ်ကူသက်သာ သော အသိတရားဖြင့် သတိထားနေခြင်းကို တရားအားထုတ် သည်ဟု ခေါ်ဆိုအပ်ပါသတည်း။ အမှုံမှမနှောတဲ့ သုညတ–

တောကိုသဘောဆုံးအောင်သိလျှင် ဝိသုဒ္ဓိ (၇) ပါးကို တသီးတခြားပြုဘွယ်မရှိ၊ အလိုလိုပြီးစီးပါ၏။

အထက်ဖေါ်ပြပါ အချက်များကို ပိုနှုတ်-လိုစွက်၊ မှားပြင်မှန်လျှင် လိုက်နာတော်မူကြပါမည့်အကြောင်း၊မကျေနပ် မရှင်းလင်းပါကလည်း ရန်ကုန်မြို့-သင်္ဃန်းကျွန်း-ကျိုက္ကစံဘုရားအရှေ့ဘက် ကျောက်သဘော်ကျောင်းတိုက်တွင် ၁၃၁၉-ခုနှစ်မှစ၍ ယခုထက်တိုင် ဝါတွင်း သီတင်းနေ့များနှင့် ဝါပ-တနင်္ဂနွေနေ့နေ့တိုင်း နေ့ ၁၂-နာရီမှ ညနေ ၄-နာရီအထိ၊ မဟာနာယကဆရာတော်ဦးပညာစက္ကထံတွင်ရင်း၊ ဝိမုတ္တိဉာဏဒဿန အဖွဲ့တွင်ရင်းကြွရောက်ဆွေးနွေးတော်မူကြပါရန် မှန်မြတ်သောစေတနာကောင်းဖြင့် ကလျာဏ မိတ်အများတို့အား ဘိတ်ကြားခြင်းပြုပါကြောင်း။

## အဘိဓမ္မာနှင့်ဗုဒ္ဓအနတ္တဝါဒ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်၊ဗုဒ္ဓသာသနာထွန်းကားရာအရပ်ဒေသဟူ၍ ထင်ရှားကျော်ကြားသည့်အလျောက်၊ကမ္ဘာ့အရပ်ရပ်မှ ဘာသာရေးတွင် ဝါသနာပါသော ပုဂ္ဂိုလ်တို့သည် မြန်မာပြည်တွင်းရှိ ဗုဒ္ဓသာသနာတော်၏ အခြေခံသဘောတရားများကို လေ့လာလိုသောဆန္ဒများ ရှေးယခင်ခေတ်များကထက်ပိုမိုထက်သန်လာကြပေသည်၊ ဤကဲ့သို့ ကမ္ဘာ့အရပ်ရပ်မှ မြန်မာပြည်တွင်းရှိ ဗုဒ္ဓသာသနာတော်ကို အာရုံစူးစိုက် အကဲခတ်လေ့လာနေခိုက်တွင် ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ကလည်း "ဗုဒ္ဓဝါဒပရမတ္ထသဘာဝမှရင်းအနတ္တ" သဘောတရားကို ပေါ်လွင်ထင်ရှားစေရန် နယ်တိုင်း မြို့တိုင်း၊ အရပ်

တိုင်း၊ ရှာတိုင်း၊ ကျောင်းတိုင်းတို့၌ အသိဉာဏ် ဖွံ့ဖြိုးစေမည့် ပရမတ္ထသဘာဝများကို ရှင်းလင်းပြတ်သားစွာ သင်ကြားပြသ ဆိုဆုံးမအပ်ပေသည်၊ ဗုဒ္ဓသာသနာတော်သည် အနတ္တသာသနာ တော်ဟူ၍ ဗုဒ္ဓဘာသာတိုင်း လက်ခံယုံကြည်ကြသည့်အလျောက် ထိုပရမတ္ထ သဘာဝမူရင်း အနတ္တနှင့် ဆန့်ကျင်သည့် အတွေး အခေါ် အယူအဆမှ ပေါက်ပွားလာသည့် ဓမ္မဘာဝစွဲ အကျင့် အကြံအားထုတ် လုပ်ဆောင်မှုများသည် မဇ္ဈိမပဋိပဒါလမ်းသို့ ဆိုက်ရောက်လေမည်မဟုတ်လေသောကြောင့် မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်ကိုမြင်စေရန် အလွန်မှခဲယဉ်းပေမည်။

မြတ်စွာဘုရားသခင်သည် ဂန္တဒူရဆက် ဝိပဿနာဓူရကိုသာ ချီးမွမ်းတော်မူလေသည်ဟု ယုံကြည်ကြသည့်အားလျော်စွာ ယခု အခါ မြန်မာနိုင်ငံတော် တဝှမ်းလုံးတွင် မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်လမ်းစဉ်များ အထူးခေတ်စားလာသည်ကို တွေ့ရပေ သည်၊ နီးစပ်ရာ ဆရာသမားများထံ နည်းနိဿယ ခံယူလျက်၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများမှုလုပ်ငန်းစဉ်သည် တစထက်တစ တိုးတက်လျက်ရှိပေသည်၊ ဤကဲ့သို့ ကမ္မဋ္ဌာန်းဘာဝနာ လုပ် ဆောင်ရာ နည်းနိဿယများကို လေ့လာကြည့်ရှုသည့်အခါ များ သောအားဖြင့် ပညာသိအနတ္တသို့ မဆိုက်ရောက်ဘဲ အဘိဓမ္မာ နယ်ထဲတွင် စာတွေ့လောကနှင့် လည်နေကြခါ သဘာဝအစစ် အမှန်ကို ဉာဏ်ဖြင့်ထိုးဖေါက်၍ မမြင်နိုင်ကြကြောင်းကို တွေ့ရှိ ရပေသည်၊စင်စစ်အဘိဓမ္မာသဘောတရားများကိုလေ့လာကြည့် ရှုလျှင် မြတ်စွာဘုရားသခင်သည် အတ္တဒိဋ္ဌိစွဲငြိနေကြသည့်ဝိဉာဉ် နယ်ကို အကျယ်ဝေဖန်ပြုရမျှသာ ဖြစ်ပေသည်၊ ဆိုလိုသည်မှာ

ပရမတ္ထသဘာ၀ မူလအနုတ္တကို ဉာဏ်အားဖြင့် မသိမမြင်နိုင်စွမ်း
ကြသဖြင့် အဝိဇ္ဇာတဏှာ မူသနှစ်ပါးပြဋ္ဌာန်းရာ ရုပ်လောက၊
နာမ်လောက၊ သံသရာလမ်း သံသရာစခမ်းမျှကို ပဋိစ္စနည်း
ပဋ္ဌာန်းနည်းတို့ဖြင့် ဆက်စပ်ခါ ပြသထားခြင်းကို အဘိဓမ္မာ
လောကဟူ၍ ခေါ်ပေသည်၊ ဤနေရာ၌ ရုပ်သဘာ၀, နာမ်
သဘာ၀ဆိုသည်မှာ အဘိဓမ္မာနည်းအားဖြင့် အလွန်နူးညံ့သိမ်
မွေ့သော အခြင်းအရာမျှသာဖြစ်ပေသည်၊ ငါးပါးသောပသာဒ
အကြည်နှင့် စမ်းသပ်ရှာဖွေ၍ သိအပ်သည့် သဘောတရားမျိုး
မဟုတ်ပေ၊ ရုပ္ပတိတိရုပ်-ဟူသော ပါဠိတော်အရ ဖေါက်ပြန်
တတ်သော သဘောတရားကို ရုပ်ဟူ၍ဆိုလိုရင်းမဟုတ်၊ ဖေါက်
ပြန်သော အခြင်းအရာမျှကိုသာ ရုပ်ဟု ဆိုလိုရင်းဖြစ်ပေသည်၊
အနုတ္တမူလကို မသိမမြင်သည့် အဝိဇ္ဇာတဏှာ မူလနှစ်ပါးပြဋ္ဌာန်း
ရာအရိပ်အရောင် အနိမိတ္တသဘောကိုသာ ရုပ်ဟူ၍ခေါ်ဆိုအပ်
ပေသည်၊ မဂ်ဖေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်လမ်းစခမ်းမှာ ပညာအရာ
သာဖြစ်သည့်အတွက်၊ ရုပ်လောက, နာမ်လောက, အဘိဓမ္မာ
လောက, ဝိဉာဏ်သိလောက, အတ္တဒိဋ္ဌိလောကနှင့် မစပ်ဟုတ်၊
၎င်းသဘောတရားများကို လွန်မြောက်၍သိသော လောကုတ္တရာ
အသိဉာဏ်ဆိုက်ရောက်ရန်သာ အလွန်အရေးကြီးပေသည်၊ ထို
ရုပ်နာမ်-ခန္ဓာစသည့် အဘိဓမ္မာလောကကြီးကိုလည်း ပုထုဇဉ်
များ မသိမမြင်နိုင်၊ အရိယာများသာ သိမြင်နိုင်သောသဘော
တရားများဖြစ်ပေသည်၊ ထို့ကြောင့် ဝိပဿနာတရား ပွားများ
ကြရာ၌ ရှေးဦးစွာ ရုပ်-နာမ်- အနိစ္စ၊ ဒုက္ခ-သုညတကို မြင်ရန်
အရေးမကြီး၊ ပုထုဇဉ်အဘို့ မြင်လည်း မြင်နိုင်စရာအကြောင်း
မရှိ၊ ရှေးဦးစွာ သိအပ်သည်ကား၊ နာမရူပ ပရိစ္ဆေဒဉာဏ်ဟူ

ဆိုအပ်သော ရုပ်-နာမ်တို့မှ ကင်းပြတ်နေသည့် သီးခြားနေသည့် ပကတိသုညတ၊ အသင်္ခတ အနတ္တကိုမြင်ရန် အလွန်အရေးကြီးပေသည်။

ထို့ကြောင့်နာမရူပ ပရိစ္ဆေဒဉာဏ် ဒိဋ္ဌိဝိသုဒ္ဓိသည် ဝိပဿနာ၏အခြေခံဉာဏ်ဖြစ်၏၊ ဤနေရာ၌ နာမရူပ ပရိစ္ဆေဒဉာဏ်ဆိုသည်မှာ ရုပ်နာမ်ကိုမြင်အောင် ရှေးဦးစွာ ခွဲစိတ်ရှုခြင်းကို ဆိုလေသည်မဟုတ်ပေ၊ ရှေးဦးပဌမ ဝိပဿနာပွားများရာ၌ ရုပ်-နာမ်-ခန္ဓာနှင့်မရောမယှက် သက်သက်သော ပရမတ္ထသဘာဝမူလအနတ္တကို ဉာဏ်အားဖြင့် ထိုးထွင်း၍သိမြင်ခြင်းကို နာမရူပ ပရိစ္ဆေဒဉာဏ်ဟု ခေါ်သည်၊ အနတ္တဆိုရာမှာလည်း န+အတ္တ=အတ္တမဟုတ်သောတရား၊ တနည်းအားဖြင့် အတ္တဟုဆိုအပ်သော ခန္ဓာငါးပါး ရုပ်နာမ်နှင့် မရောမယှက်သောတရားဖြစ်ပေသည်၊ ဥပမာပြရသော် မြင်မှုသဘောတရားထဲ၌ ပုဂ္ဂိုလ်သတ္တဝါ လူ နတ်ပြဟ္မာအားဖြင့် စွဲယူသိမ်းပိုက်စရာ ခန္ဓာငါးပါး ရုပ်-နာမ်တရားမရှိပုံကို ကုန်စင်အောင်သိမြင်ခြင်းသည် နာမရူပ ပရိစ္ဆေဒဉာဏ်မည်ပေသည်၊ ဤကဲ့သို့ ပရမတ္ထသဘာဝတရားသည် ရုပ်-နာမ် ခန္ဓာ-အဘိဓမ္မာနယ်ထဲသို့ ဘယ်အခါမျှ မကျရောက်သောကြောင့်၊ မြတ်စွာဘုရားသခင်သည် မြင်ခါမတ္တ၊ ကြားခါမတ္တ၊ နံခါမတ္တ၊ စားခါမတ္တ၊ ထိခါမတ္တစသည်ဖြင့် ဒိဋ္ဌေဒိဋ္ဌမတ္တဟု အစချီဟောခြင်း ဖြစ်ပေသတည်း။

ဤမျှသောက်ဖြင့် အဘိဓမ္မာလောကနှင့်မြတ်စွာဘုရား အလိုတော်ကျ၊ အနတ္တဝါဒခြားနားပုံ၊ထိုမှတဆင့် ဝိပဿနာပွားများရာတွင် အဘိဓမ္မာတွင် စာတွေ့လောက်မျှနှင့်သောင်တင်နေပါက ခရီးမရောက်နိုင်ပုံကို အကျဉ်းအားဖြင့်-ဖော်ပြရပါတော့သည်။